## အခြေအနေသုံးသပ်ချက်
## (အထွေထွေအတွင်းရေးမှူးအစီရင်ခံစာ)
## (မေလ – ၂၀၀၅)

၁။ တရုတ်၊ ဂျပန်၊ အိန္ဒိယ တြိဂံ၏လှုပ်ရှားမှုကို ဗမာပြည်က စိတ်ဝင်စားရပါမည်။ သမိုင်းအတွေ့အကြုံအရ ဤတြိဂံ၏ ဖြစ်ပေါ်ပြောင်းလဲမှုတိုင်းသည် ဗမာပြည်အပေါ် အကျိုးသက်ရောက်တတ်သည်။ ဆန္ဒစွဲနှင့်ပြောရလျှင် အားလုံးအဆင်ပြေစေချင်ပါသည်။

ပြဿနာ၏အစမှာ ဝန်ကြီးလေးပါး (အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး ၂ ပါးနဲ့ ဂျပန်မှ အဆင့်တူ ဝန်ကြီး ၂ပါး) ပူးတွဲကြေညာချက်ထုတ်တာက စသည်။ ထိုင်ဝမ်ပြဿနာပဒုအုံကို တမင်သွားပြီး ဆွပေးကြသည်။ တရုတ်က ဘယ်လို တုံ့ပြန်မယ်ဆိုတာ သိသိကြီးနဲ့ လုပ်လိုက်တာပါ။ အဲဒီလိုနဲ့ တရုတ် – ဂျပန် ပဋိပက္ခ စပါသည်။

ဂျပန်ကလည်း "ဟိုတခါ (ဟစ်တလာနဲ့) လူပေါင်းမှားခဲ့တယ်။ ဒီတခါ လူပေါင်းမမှားစေရဘူး" ဟု သဘောထားပြီး လုပ်လိုက်ပုံရသည်။ ဒီတခါ လူပေါင်းမှန်မမှန်ကိုတော့ စောင့်ကြည့်ရလိမ့်မည်။ ဟိုတခါက ဂျပန်ကို လူပေါင်းမှားစေဖို့ အခြေအနေတွေ (ပြင်သစ်နဲ့ ဟော်လန် စစ်ရှုံးတာ) က တွန်းပို့လိုက်တာ ဖြစ်သည်။ ယခုလည်း အခြေအနေတွေက လူပေါင်းမှားစေဖို့ တွန်းပို့တာ မဖြစ်နိုင်ဟု မပြောနိုင်။ ကျွန်တော်တို့ စောင့်ကြည့်မည်။

ထိုင်ပြီးစောင့်ကြည့်နေဖို့ မဟုတ်။ တက်တက်ကြွကြွ စောင့်ကြည့်မည်။ ဤအမြင်ကြောင့်ပင် ဗိုလ်သန်းရွှေ အာရှ အာဖရိက တိုက်ကြီး ၂ တိုက် စည်းဝေးပွဲ သွားတက်တာကို ပါတီက သဘောကျသည်။ မကြာမီလုပ်မည့် ကုလသမဂ္ဂထိပ်သီး အစည်းအဝေးသို့ သွားတက်နိုင်လျှင် ပိုကောင်းသည်။

စစ်ဖြစ်မလား၊ ငြိမ်းချမ်းရေး တည်မြဲမလားဆိုသော အခြေအနေမျိုးတွင် အာဏာရနေသောသူက ပိုပြီးလှုပ်လှုပ်ရှားရှား လုပ်ရမည်။ တိုင်းပြည်၏ အကျိုးစီးပွားကို ဦးစားပေးဖို့တော့ လိုသည်။ စစ်အစိုးရအာဏာမြဲရေးလောက်ပဲ စဉ်းစားပြီး သွားတက်တာ ဆိုလျှင် မကောင်း။

၂။ တိုင်းပြည်ကို ကိုယ်စားပြုပြီး နိုင်ငံတကာစည်းဝေးပွဲများသို့ NLD/CRPP အစိုးရတက်နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ ထိုသို့ တက်နိုင်အောင် မိမိတို့ မလုပ်နိုင်ခဲ့တာ မိမိတို့ ညံ့ခဲ့ကြ၍ ဖြစ်သည်။

NLD/CRPP အစိုးရက ဗမာပြည်ကို ကိုယ်စားပြုပြီး တက်နိုင်အောင် မိမိတို့လုပ်လျှင် ရနိုင်သေးသည်။ စည်းစည်းလုံးလုံးဖြင့် လုပ်ကြဖို့တော့ လိုသည်။

NLD/CRPP သဘော်ကြီး နစ်နေပြီဟုထင်ပြီး ဟိုတပေါက် ဒီတပေါက် လျှောက်လုပ်ကြလျှင်တော့ အကျနာကြလိမ့်မည်။ ဗကပ က "မြင့်မြင့်တက်ထားတာ မဟုတ်လို့ အကျနာစရာမရှိ။" ၁၉၈၉ က 'အနီဒီလိုင်း' ကျဆုံးခြင်းနဲ့ရောပြီး ကျထားတာဖြစ်လို့ ဒီထက် ကျစရာ မရှိပါ။

'လွတ်လပ်မှု (Freedom) ဒီလိုင်း' စီးနေသူတွေ သတိရှိသင့်သည်။ တဆက်တည်း ပြောစရာကလေးတခု အစီရင်ခံမည်။ စဝ်ခမ်ဖ ခွဲထွက်ရေးလုပ်တမ်းကစားတာကို ဗဟိုက အသာလွှတ်ပေးထားလိုက်ဖို့၊ သံပတ်ကုန်လျှင် ရပ်လိမ့်မည်ဟု သဘောထားခဲ့သည်။ "နီပွန် အမေး နအဖ အဖြေ" ကြောင့်သာ မတတ်သာဘဲ ထုတ်ပြန်လိုက်ရတာ ဖြစ်သည်။ 'ခွဲထွက်တမ်း ကစား' တာကို အထင်မကြီးပါ။ ဗကပ ထဲက လှမင်း (ရှမ်းပြည်) ၁၉၅၆ တုန်းက လုပ်ဖူးသည်။ ၁၉၅၈ မှာ လက်နက်ချ ဇာတ်သိမ်းသည်။ ပြည်တွင်းနေသူက 'လက်နက်ချပွဲ' ဖြင့် ဇာတ်သိမ်းပြီး ပြည်ပရောက်သူက ဇာတ်မြုပ်သွားမည်။ ဒီထက်ပိုပြီး ဘာမှ ဖြစ်မည်မဟုတ်။

၃။ စေ့စပ်ဆွေးနွေးရေးတံခါး လုံးလုံးပိတ်သွားတာ မဟုတ်သဖြင့် NLD (CEC) ဝါရင့်များ၏အခန်း ရှိသေးသည်။ စေ့စပ်ဆွေးနွေးပွဲ တက်ဖို့ သူတို့သာ အကောင်းဆုံး ဖြစ်သည်။

စေ့စပ်ဆွေးနွေးရေးတံခါးကို ဥပဒေတွင်း ဥပဒေပ အင်အားစုများအားလုံး တွန်းဖွင့်ရမည်။ ပွင့်နိုင်သည့်အခြေအနေ ရှိသည်။ 'ဥပဒေတွင်း' ဆိုတာထဲတွင် မျိုးချစ်ပြည်ချစ် တပ်မတော်သားများလည်း ပါသည်။ နိုင်ငံတကာ့အခြေအနေ တင်းမာသထက် တင်းမာလာလျှင် သူတို့ နိုးထလာလိမ့်မည်။

၄။ 'စေ့စပ်ဆွေးနွေးရေးတံခါး' ယတိပြတ် ပိတ်သွားလျှင်လည်း NLD/CRPP ၏အခန်း ကျန်နေသေးသည်။ ဖက်ဆစ်တပိုင်း အခြေအနေတွင် လုပ်ရတာဖြစ်ကြောင်း သတိရှိပြီး NLD/CRPP ၏အခန်းကို ဖွံ့ဖြိုးအောင် ကျွန်တော်တို့ ကူညီရမည်။

၅။ 'ငြိမ်းအဖွဲ့' တွေ ပြဿနာ။ ပါတီက ချက်ချင်းထတိုက်ဖို့ မတွန်းပါ။ ပြည်တွင်းစစ်သေနတ် စဖောက်ဖို့ လွယ်ပေမယ့် ပြည်တွင်း ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ခက်တယ်ဆိုတာ သိပါသည်။ မိမိရပ်တည်မှုကို ပျက်သွားအောင် ထိလာလျှင် ခုခံစစ်ဆင်ဖို့ အကြံပေး ပါသည်။ "ကိုယ်ကစပြီး မထိနဲ့ – ထိလာလျှင် နာနာပြန်ချ" ဖို့ တိုက်တွန်းပါသည်။ သူတို့ဘာလုပ်မလဲ မပြောတတ်ပါ။ သူတို့ရဲ့ တိုက်ရိုက်အကျိုးစီးပွားပဲ ကြည့်ကြမှာ ဖြစ်သည်။

၁၉၄၈ အခြေအနေမျိုး မရှိသဖြင့် ၁၉၄၈ နိုင်ငံရေးပလက်ဖောင်းမျိုးနဲ့ ပြည်တွင်းစစ် ပြန်ဖြစ်မည် မထင်။ နိုင်ငံတကာ့အခြေအနေနဲ့ ပိုပြီးပတ်သက်ဆက်စပ်လာစရာရှိတဲ့ စစ်မျိုးပဲဖြစ်ဖို့ များပါသည်။ ဒါလည်း စောင့်ကြည့်ရမှာ ဖြစ်သည်။ ပါတီက ကြိုပြီးပြောထားလို့ မရ။ ကြိုပြောထားနိုင်သည်မှာ –

(၁) ဗမာပြည်၏ နယ်မြေတည်တံ့မှုကို အထိပါးမခံ။ ပြည်ချစ်ဝါဒတာဝန်ကို နိုင်ငံတကာ့တာဝန်နှင့် ပေါင်းစပ်ထမ်းဆောင်မည်။

(၂) ယခုအခြေအနေက ၁၉၄၀ ကာလများနှင့် မတူ။ ဟိုတုန်းက နိုင်ငံတကာ့ကွန်မြူနစ်အဖွဲ့ချုပ် ရှိသည်။ ကွန်မြူနစ်ပါတီများအတွက် လုပ်ငန်းစဉ်တညီတည်း ရှိသည်။ ယခု မရှိ။ ဗမာပြည်အတွက် အကောင်းဆုံးကို ရွေးမည်ဟူ၍ ဖြစ်ပါသည်။

၆။ မန္တလေးနဲ့ရန်ကုန်တွင် အပြစ်မဲ့ပြည်သူတွေ သေကြေစေသော ဗုံးခွဲမှုမှာ သူရဲဘောကြောင်သည့်လုပ်ရပ် ဖြစ်သည်။ သန်းရွှေစစ်အုပ်စုကို အလုပ်အကျွေးပြုလိုက်သလိုပင် ဖြစ်သည်။ သန်းရွှေစစ်အုပ်စုကို ထိခိုက်စေလိုလျှင် အခြားလုပ်စရာတွေ အများကြီး ရှိသည်။ အန္တရာယ်ကင်းရာ အရပ်မှာနေပြီး ခွဲထွက်ရေးကြေညာတာ၊ အဝေးမှာနေပြီး ဗုံးခွဲတာမျိုးကို ဗကပ က ပြတ်ပြတ်သားသား ရှုတ်ချသည်။

သန်းရွှေစစ်အုပ်စု၏ အုပ်ချုပ်ရေး မတည်ငြိမ်ကြောင်း ပြလို၍ ဗုံးခွဲတာဆိုလျှင် ခုတ်ရာတခြား ရှရာတခြား ဖြစ်သည်။ ရပ်တန်းက ရပ်သင့်သည်။ သတ္တိရှိရှိ လုပ်စရာတွေ အများကြီး ရှိသည်။ သတ္တိရှိရှိလုပ်လျှင် မိမိတို့ မထောက်ခံစေဦးတော့ စာနာနိုင်သေးသည်။ ယခုလုပ်ရပ်မျိုးကိုကား ဘယ်လိုမှ မစာနာနိုင်ပါ။